# အမှာစာ

Javascript Language ဆိုတာ ပေါ့ပါးအောင် တစ်နည်းအားဖြင့် Lightweight ဖြစ်အောင်နဲ့ Java Language ကဲ့သို့ပင် pre-compiled သို့မဟုတ် Interpreted လုပ်ပြီးသား language အမျိုးအစား ဖြစ်ပါတယ်။ ဆိုလိုတာက compiled လုပ်ပြီးသား code တွေကိုမှ function တွေ၊ class library အဆင့်ဆင့် တည်ဆောက်ထားပြီးသား code အစုအဝေးတွေကို သက်ဆိုင်ရာ အခန်းကဏ္ဍအလိုက် တစ်စု တစ်စည်းတည်း စုဝေးပေးထားတဲ့ အရံသင့်အသုံးချ language အမျိုးအစား ဖြစ်ပါတယ်။

Javascript language အမျိုးအစားဟာ network ပေါ်မှာ ဗဟိုပြု ထားတာ ဖြစ်ပါတယ်။ တစ်နည်းအားဖြင့် website တွေတည်ဆောက်ရာမှာ အသုံးချလို့ရအောင် Design ချထားတာ ဖြစ်ပါတယ်။ Javascript Language ဟာ Lightweight ဖြစ်တယ်ဆိုပေမယ့် Java နဲ့ Integrated လုပ်ထားတဲ့အတွက် Java Language မှာကဲ့သို့ အစွမ်းထက်တဲ့ Functions တွေကို အရံသင့် အသုံးချလို့ ရနိုင်ပါတယ်။ Javascript Language ဟာ cross-platform ဖြစ်ပြီး HTML Language ရဲ့ အတွင်းမှာ ထည့်သွင်းရေးသား အသုံးချလို့ရစေတဲ့အတွက် အထိုက်အလျောက် လွယ်ကူမှုရှိပါတယ်။

ယခုစာအုပ်မှာ တစ်ခုမှာချင်တာက လေ့လာသူဟာ HTML Language ကို လေ့လာပြီးသား ဖြစ်နေရပါမယ်။ယခုစာအုပ်မှာ HTML Language ရဲ့syntax တွေကိုပြန်လည်ရှင်းပြနေမှာ မဟုတ်ပါဘူး။ ဒါ့အပြင် HTML Language ကိုအသုံးချပြီး static သို့မဟုတ် Dynamic Website တစ်ခုကို တည်ဆောက်ပုံကို လေ့လာထားပြီးသား ဖြစ်လျှင် ပိုပြီး ထိရောက်မှုရှိနိုင်ပါတယ်။ ယခုစာအုပ်ဟာ Javascript Language ကို စတင်လေ့လာသူတွေအတွက် ရည်ရွယ်ပါတယ်။ ယခုစာအုပ်ကို ဖတ်ပြီးသွားလျှင် Dynamic သို့မဟုတ် static website တစ်ခုကို Javascript Language နဲ့ တွဲဖက်ပြီး ပိုပြီးထိရောက်မှုရှိအောင် တည်ဆောက်တတ်လာရုံမကပဲ Object-Oriented Programming နယ်ပယ်ကိုလည်း application သစ် တစ်မျိုး၊ style တစ်မျိုးနဲ့လေ့လာချဉ်းကပ်နိုင်ကြမှာ ဖြစ်ပါတယ်။ အဆင်ပြေကြပါစေ။

စေတနာဖြင့်

Ko Htut – MMK(IT Freelancer)